JobAccess

Driving disability employment

# အချက်အလက် သတင်းလွှာ

# အလုပ်ရှင်များ ရရှိနိုင်သော ရန်ပုံငွေ

အလုပ်သမားခန့်အပ်ရေးဆိုင်ရာ ထောက်ပံ့ရေးရန်ပုံငွေ (EAF) မှ မသန်စွမ်းသူများ သို့မဟုတ် ၎င်းတို့၏အလုပ်ရှင်များအား လုပ်ငန်းခွင်နှင့် စပ်လျဉ်းသည့် ပြုပြင်မွမ်းမံမှုများ၊ ကိရိယာတန်ဆာပလာများနှင့် ဝန်ဆောင်မှုများဝယ်ယူနိုင်ရန်အတွက် ငွေကြေးထောက်ပံ့ပေးပါသည်။

အလုပ်အကိုင်ရှိသော မသန်စွမ်းသူများ၊ အလုပ်အကိုင် ရှာဖွေရာရန်နှင့် လုပ်ငန်းပြင်ဆင်ရန် အကူအညီများ လိုအပ်နေသောသူများအား ကူညီရန်အတွက် ၎င်းထောက်ပံ့ကြေးကို အသုံးပြုနိုင်ပါသည်။

EAF အသုံးပြုနိုင်သော ပါဝင်သည့်ဥပမာအချို့မှာ -

- လုပ်ငန်းခွင်ပြင်ဆင်မွမ်းမံခြင်းများနှင့် ကိရိယာတန်ဆာပလာများ ဥပမာ - အထောက်အကူပြုနိုင်မည့် နည်းပညာ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာ ကိရိယာတန်ဆာပလာများ
- ဆက်သွယ်ရေးနည်းပညာသုံး ကိရိယာများ၊
- Auslan (ဩစတြေးလျ အမူအရာဖြင့်ပြသည့် ဘာသာစကား) သုံး၍စကားပြန်လုပ်ခြင်း
- ကွန်ပျူတာ ဆော့ဖ်ဝဲနှင့် ဆော့ဖ်ဝဲအဆင့်မြှင့်တင်ခြင်း၊
- လုပ်ငန်းခွင်အသွင်အပြင်များ ပြင်ဆင်ညှိနှိုင်းမှုများ၊
- လုပ်ငန်းခွင်သုံးမော်တော်ယာဉ်များအား ပြင်ဆင်မွမ်းမံမှုများ၊
- နားမကြားသူများအကြောင်း သိကြားမှုရှိရေးဆိုင်ရာလေ့ကျင့်သင်တန်းများ၊
- မသန်စွမ်းသူများအကြောင်း သိကြားမှုရှိရေးဆိုင်ရာ လေ့ကျင့်သင်တန်းများ နှင့်
- စိတ်ကျန်းမာရေးချို့ယွင်းချက်ရှိသူ သို့မဟုတ် သင်ယူရေးဆိုင်ရာ ချို့ယွင်းမှုရှိနေသော အလုပ်သမားများအတွက် လုပ်ငန်းနှင့် စပ်လျဉ်းသည့် အထူးကျွမ်းကျင်သူများအထောက်အပံ့ဝန်ဆောင်မှုများ

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

1800 464 800

www.jobaccess.gov.au

**လုပ်အားခထောက်ပံ့ကြေးများ**

လုပ်အားခထောက်ပံ့ရေးဌာနမှ အလုပ်ရှင်များအနေဖြင့် လက်ရှိဖြစ်ပေါ်နေသောအလုပ်ကို မသန်စွမ်းသူများနှင့် သက်ကြီးအလုပ်သမား များအား ကမ်းလှမ်းပေးစေရန်အတွက် ငွေကြေးမက်လုံးပေးသည်။

အလုပ်ရှင်တစ်ဦးအနေဖြင့် မသန်စွမ်းသူတစ်ဦးအလုပ်ခန့်အပ်မှုကို ထောက်ပံ့ပေးရန်အတွက် ဘဏ္ဍာရေးဆိုင်ရာအကူအညီများကို မသန်စွမ်းသူအား အလုပ်ခန့်အပ်ရေးဝန်ဆောင်မှုများ (DES) လုပ်အားခထောက်ပံ့ကြေးအစီအစဉ် သို့မဟုတ် သက်ကြီးအလုပ်သမားများအား တကျော့ပြန်စတင်လုပ် ကိုင်ခြင်းများမှ တစ်ဆင့်ရရှိခံစားရန် သတ်မှတ်ချက်ပြည့်မီကောင်းပြည့်မီနိုင်ပါသည်။

EAF သို့မဟုတ် လုပ်အားခထောက်ပံ့ကြေးများနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက www.jobaccess.gov.au တွင် ကြည့်ရှုပါ သို့မဟုတ် JobAccess အကြံပေးပုဂ္ဂိုလ်အား ဖုန်း 1800 464 800 သို့ ခေါ်ဆိုဆက်သွယ်နိုင်ပါသည်။ မိုဘိုင်းဖုန်းများမှ ခေါ်ဆိုမှုများအတွက် ဝန်ဆောင်ခကောက်ခံ-မည်ဖြစ်သည်။